MYANMAR GARMENT MANUFACTURERS ASSOCIATION

# NEWSLETTER

*JUNE 2022, ISSUE*

## Industrial Engineering (IE) နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား



Pg - 2

Pg - 5

VLCA စစ်ဆေးခြင်းလုပ်ငန်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) သည် "အင်တာနက်အွန်လိုင်းမှတဆင့် VLCA စစ်ဆေးခြင်းစနစ်" (VLCA Online System) ကိုလည်းတည်ဆောက်လျက်ရှိပါသည်။ ယင်းအွန်လိုင်းစနစ်ပြီးစီးပါက အချိန်တိုအတွင်း စက်ရုံပေါင်းများစွာကို VLCA စစ်ဆေးပေးနိုင်မည်ဖြစ်သည်။



Pg - 7

"အဆိုပါ Advanced OSH သင်တန်းအား Social Compliance မှတာဝန်ရှိသူများ၊ OSH နှင့်ပတ်သက်သည့်တာဝန်ရှိသူများ၏ ကျွမ်းကျင်မှု နှင့်အသိပညာများပိုမိုတိုးတက်စေရန်ရည်ရွယ်ပြီးသင်ကြားပို့ချခြင်းဖြစ်သည်။"

Pg - 4



# မာတိကာ

## Activity

Industrial Engineering (IE) နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား .......................................................... ၂-၃
လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ................................................................. ၄
မိမိဆန္ဒအလျောက်အလုပ်သမားဥပဒေ လေးစားလိုက်နာမှုစစ်ဆေးခြင်း ........................................... ၅-၆
လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုအဆင့်မြင့်သင်တန်း အမှတ်စဉ် - ၃ ........... ၇-၈

## News

အထည်ချုပ်သင်တန်းသားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း.......................................... ၉
Voluntary Labor Compliance Assessment စစ်ဆေးခြင်း .......................................... ၁၀-၁၁

## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Labour Law Awareness In-Factory Training , supported by UNICEF Myanmar | TBC | In-Factory |
| 2. | 4th New Members' Orientation | July 18 | MGHRDC |
| 3. | Environmental Management Plan Workshop, Supported by LIFT Myanmar | July 21- 22 | MGHRDC |

## Membership Update

New Members in June 2022 .......................................................................................... ၁၂
Membership update as of June 2022 .............................................................................. ၁၂

## Industrial Engineering (IE) နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား



Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန (TVET) တို့ပူးပေါင်းဖွင့်လှစ်သော Industrial Engineering (IE) နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက် နံနက် ၉ နာရီက အင်းစိန်စက်မှုလက်မှုသိပ္ပံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းအားသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ TVET ဌာနနှင့် MGMA/MGHRDC တို့ပူးပေါင်းဆောင်ရွက်မှုရေရှည်ခိုင်မာပြီး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ သင်တန်းကာလမှာ ဇွန်လ ၆ ရက်မှ ၁၇ ရက်ထိ (၁၁) ရက်ကြာမြင့်မှာဖြစ်ပြီး အထည်ချုပ်စက်ရုံများမှ Supervisor များ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီးကဏ္ဍလေးမျိုးကိုအဓိကထားသင်ကြားပေးသွားမည်ဖြစ်သည်။

နောင်တွင်လည်းအထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်၍ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် TVET နှင့်ပိုမိုနက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုဖြင့် Garments နှင့်ပတ်သက်သည့် ဖက်ရှင်နည်းပညာသင်တန်းများဖွင့်လှစ်နိုင်သည်အထိကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းသို့ MGMA ၏အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား (၂၅) ယောက်တက်ရောက်ခဲ့သည်။



ဖွင့်ပွဲအခမ်းအနားသို့ MGMA မှ အထွေထွေအတွင်းရေးမှူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် မန်နေဂျင်းဒါရိုက်တာ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ TVET ဌာနမှ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ ၊ MGHRDC မှဆရာ၊ ဆရာမများတက်ရောက်ခဲ့ကြပြီး သင်တန်းသားများနှင့်အတူအမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။



Daw Khine Khine Nwe giving opening remarks



Daw Khine Khine Nwe Lecturing IE



CEC of MGMA,Daw Aye Aye Han, awarding certificate



Secretary General of MGMA,Daw Khine Khine Nwe , awarding certificate



EC of MGMA, U Ye Khant , awarding certificate



Group (1) Presentation



Group (2) Presentation


# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



EC

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ်ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှအသင်း၏လှုပ်ရှားမှုများ၊ သင်တန်းများကို စီမံကိန်းလုပ်ငန်းများနှင့်တွဲဖက်ဆောင်ရွက်နေမှုများ၊ MOC နှင့် အွန်လိုင်း လိုင်စင်စစ်ဆေးရာတွင် စနစ်အချို့၏အခက်အခဲများကျော်လွှားနိုင်ရေးတို့နှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

# မိမိဆန္ဒအလျောက် အလုပ်သမားဥပဒေ လေးစားလိုက်နာမှုစစ်ဆေးခြင်း




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း(ILO) ၏ကူညီမှုဖြင့် ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သော “ မိမိဆန္ဒအလျောက်အလုပ်သမားဥပဒေ လေးစားလိုက်နာမှုစစ်ဆေးခြင်း ” (Voluntary Labour Compliance Assessment – VLCA ) အစီအစဥ်ကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရားဝင်ထုတ်ပြန်ခဲ့သည်။ ထို့နောက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ အသင်းဝင်စက်ရုံများအား VLCA စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ မေလကုန်အထိ ၆ လအတွင်း အသင်းဝင်စက်ရုံပေါင်း (၁၈) ရုံအားစစ်ဆေးခဲ့ပြီးဖြစ်သည်။

ထိုသို့စစ်ဆေးရာတွင် ဧရိယာ ၅ ခုခွဲခြားစစ်ဆေးပြီး လေးစားလိုက်နာမှုအဆင့်များကို **Non, Partial, Full** နှင့် **Higher** အဖြစ်ခွဲခြားသတ်မှတ်ပေးသည်။ စစ်ဆေးပြီးဖြစ်သော အသင်းဝင်စက်ရုံ ၁၈ ရုံတွင်လေးစားလိုက်နာမှု Higher အဆင့် ၂ ရုံ၊ Full အဆင့် ၁၄ ရုံနှင့် Partial အဆင့် ၂ ရုံတွေ့ရှိခဲ့ပါသည်။

အများအားဖြင့် စက်ရုံများ၏လေးစားလိုက်နာမှု အားကောင်းသောအကြောင်းအရာများမှာ အနည်းဆုံးအခကြေးငွေ၊ အခကြေးငွေပေးချေခြင်း၊ အလုပ်ချိန်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့ဖြစ်ကြသည်။ အစမ်းခန့်ကာလမှစ၍အနည်းဆုံးအခကြေးငွေ၏ ၁၀၀% ပေးခြင်းနှင့် မယူဖြစ်သောရှောင်တခင်ခွင့်ရက်များအတွက် ငွေကြေးခံစားခွင့်ပေးခြင်းတို့ကို ဥပဒေထက်သာလွန်ကောင်းမွန်သောအချက်များအဖြစ်တွေ့ရလေ့ရှိသည်။ စက်ရုံများအားလုံးတွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းထားသည်ကိုတွေ့ရသော်လည်းကော်မတီ၏အရေးပါမှုနှင့်အလုပ်ဖြစ်မှုမှာမေးခွန်းထုတ်စရာဖြစ်နေဆဲဖြစ်သည်။

အများအားဖြင့် လေးစားလိုက်နာမှုအားနည်းသောအချက်များမှာ ခွင့်မဲ့ပျက်ကွက် (၃) ရက်ဖြင့် အလုပ်ထွက်သွားသော အလုပ်သမားများအတွက် လုပ်ခကျန်ငွေကို စက်ရုံမှသတ်မှတ်သည့်ရက်အတွက်သာထုတ်

> ထိုသို့စစ်ဆေးရာတွင် ဧရိယာ ၅ ခုခွဲခြားစစ်ဆေးပြီး လေးစားလိုက်နာမှုအဆင့်များကို Non, Partial, Full နှင့် Higher အဖြစ်ခွဲခြားသတ်မှတ်ပေးသည်။ စစ်ဆေးပြီးဖြစ်သော အသင်းဝင်စက်ရုံ ၁၈ ရုံတွင်လေးစားလိုက်နာမှု Higher အဆင့် ၂ ရုံ၊ Full အဆင့် ၁၄ ရုံနှင့် Partial အဆင့် ၂ ရုံတွေ့ရှိခဲ့ပါသည်။

ပေးခြင်းနှင့် အလုပ်ခန့်ထားမှု ကတ်ပြားပုံစံ (၇) ထုတ်ယူမှုမပြုခြင်းတို့ဖြစ်ကြသည်။

တွေ့ရလေ့ရှိသော စာရွက်စာတမ်းပြုစုထားရှိပုံနှင့် စာရင်းဇယားတွက်ချက်ပုံအားနည်းချက်များအဖြစ် သတိပေးစာ (Warning Letter) နှင့်ဝန်ခံကတိပြုစာများရေးသားရာတွင်အချက်အလက်ပြည့်စုံတိကျမှုမရှိ ခြင်းနှင့် ခေါင်းစဥ်မမှန်ခြင်း၊ လုပ်သက်ခွင့်ရက်ငွေကြေးခံစားခွင့်ပေးရာတွင် အလုပ်သမားအားလုံး၏ လုပ်သက် ၁၂ လပြည့်ခြင်း မပြည့်ခြင်းကို ပြက္ခဒိန်နှစ်ဖြင့်တွက်ချက်ခြင်းတို့ကိုတွေ့ရသည်။ လူမှုဖူလုံရေးအကျိုးခံစားခွင့်များစိုက်ပေးခြင်း၊ ထုတ်ပေးခြင်းကိစ္စများ နှင့် အလုပ်သမားသစ် သို့မဟုတ် အစမ်းခန့်ဝန်ထမ်းများ လိုက်နာရန်စည်ကမ်းချက်များတွင်လည်း အားနည်းချက် အချို့တွေ့ရလေ့ရှိသည်။

ထို့ပြင်စစ်ဆေးတွေ့ရှိရမှုများ၍ အငြင်းပွားစရာဖြစ်သောအချက်မှာ ယာယီနေ့စားအလုပ်သမားများ ခိုင်းစေခြင်းဖြစ်သည်။ အချို့စက်ရုံများတွင် လုပ်ငန်းလိုအပ်ချက်အရ ယာယီသဘောဖြင့်သာခိုင်းစေကြသော်လည်း အချို့သော စက်ရုံများတွင် ထိုသို့မဟုတ်သည်ကိုတွေ့ရသည်။ နေ့စားအလုပ်သမားလုပ်ခကို နေ့စဥ်ရှင်းလင်းခြင်းမပြုဘဲတစ်လကုန်မှစုပေါင်းပေးချေပြီးရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်ပြည့်အောင်လုပ်ခဲ့ပြီးနောက်ရက်သတ္တပတ်နားရက်အတွက် အခကြေးငွေမပေးသည်ကိုတွေ့ရသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတွင် တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများ အသုံးပြုကြသည်ကိုတွေ့ရသည်။ အထူးသဖြင့် ပိတ်စဖြတ်ဌာနများတွင် သံလက်အိတ်များ ဝတ်ဆင်ကြသည်။ ထမင်းစားရန်နေရာ၊ သောက်ရေ၊ အိမ်သာများ၊ လေဝင်လေထွက်၊ လျှောက်လမ်းများ၊ အရေးပေါ်ထွက်ပေါက်များ၊ မီးသတ်ဆေးဗူး မီးသတ်ပိုက်များ၊ ဘွိုင်လာ၊ လောင်စာဆီသိုလှောင်ထားရှိမှု နှင့် ဓါတုဗေဒပစ္စည်းသိုလှောင်သုံးစွဲမှု စသည်တို့တွင် အများအားဖြင့်လက်ခံနိုင်လောက်သော လိုက်နာဆောင်ရွက်မှုများရှိသည်ကိုတွေ့ရသည်။ ဥရောပဈေးကွက်သို့ ပို့ကုန်တင်ပို့သောစက်ရုံများတွင် လေးစားလိုက်နာမှုပိုမိုအားကောင်းသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည်အသင်းဝင်စက်ရုံများတွင် VLCA စစ်ဆေးမှုများ ဆောင်ရွက်ပြီး စက်ရုံအနေဖြင့် လိုအပ်ချက်ပြင်ဆင်နိုင်ရန်အကြံပြုဆွေးနွေးပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းများ ပြုလုပ်လျှက်ရှိပါသည်။ စက်ရုံထံသို့အစီရင်ခံစာတစ်စောင်ထုတ်ပေးပြီး တွေ့ရှိချက်များ၊ ပြင်ဆင်ရန်အချက်များနှင့် အကြံပြုချက်များကိုဖော်ပြပေးသည်။ အလုပ်သမား၏ဥပဒေပါအခွင့်အရေးကိုထိခိုက်စေလောက်သော လေးစားလိုက်နာမှုမရှိခြင်းများအတွက် သတိပေးခြင်းနှင့် အရေးယူခြင်းတို့ကိုလည်းဆောင်ရွက် လျက်ရှိပါသည်။

VLCA စစ်ဆေးခြင်းလုပ်ငန်းကိုပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) သည် “အင်တာနက်အွန်လိုင်းမှတဆင့် VLCA စစ်ဆေးခြင်းစနစ်” (VLCA Online System) ကိုလည်းတည်ဆောက်လျက်ရှိပါသည်။ ယင်းအွန်လိုင်းစနစ်ပြီးစီးပါက အချိန်တိုအတွင်း စက်ရုံပေါင်းများစွာကို VLCA စစ်ဆေးပေးနိုင်မည်ဖြစ်သည်။ VLCA စစ်ဆေးခြင်းနှင့်ပတ်သက်၍ MGMA ၏ အလုပ်သမားရေးရာအရာရှိ (Phone No. 09257313341) ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစီမံခန့်ခွဲမှုအဆင့်မြင့်သင်တန်း (အမှတ်စဉ် - ၃)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှကြီးမှူးသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုအဆင့်မြင့်သင်တန်း (Advanced Occupational Safety and Health training) (အမှတ်စဉ် - ၃) ကို LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်မှ ၂၉ ရက်ထိ MGHRDC ၌ပြုလုပ်ခဲ့သည်။ အဆိုပါ Advanced OSH သင်တန်းအား Social Compliance မှတာဝန်ရှိသူများ၊ OSH နှင့်ပတ်သက်သည့်တာဝန်ရှိသူများ၏ ကျွမ်းကျင်မှုနှင့်အသိပညာများပိုမိုတိုးတက် စေရန်ရည်ရွယ်ပြီးသင်ကြားပို့ချခြင်းဖြစ်သည်။

MGMA ၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်မျိုးဟိန်း မှအဖွင့်အမှာစကားပြောကြားပြီး သင်တန်းအားစတင်ခဲ့သည်။ သင်တန်းတွင် WSH Myanmar မှ သင်တန်းနည်းပြအဖွဲ့မှ Understanding Legal Requirements and Legal Inspection, Risk management for Garment Industry, Mechanical Safety and Inspection, Electrical Safety and Inspection, Chemical Safety and Inspection, Boiler Safety and Inspection, Fire Safety and Emergency Preparedness, Waste Management and Environmental Inspection, Occupational Health များကို အမေးအဖြေကဏ္ဍများ၊ Pre - test, Post - Test များဖြင့်သင်ကြားပေးခဲ့သည်။

MGMA ၏ ဒုဥက္ကဋ္ဌ ဦးကျော်ဝင်းမှ သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်စကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးခဲ့သည်။ သင်တန်းသို့ MGMA ၏အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား ( ၂၆ ) ယောက်တက်ရောက်ခဲ့သည်။

O
S
H




Vice – chairman of MGMA, U Kyaw Win
giving closing remarks



Awarding certificate



CEC of MGMA, U Aung Myo Hein
giving opening remarks



The trainer from WSH Myanmar
presenting OSH




Awarding certificate




The trainer from WSH Myanmar
presenting OSH



# အထည်ချုပ်သင်တန်းသားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း

အထည်ချုပ်သင်တန်းသားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁ ရက်တွင် UNICEF Myanmar ၏ပံ့ပိုးကူညီမှုဖြင့် MGHRDC ၌ပြုလုပ်ခဲ့သည်။ အထည်ချုပ်သင်တန်းသားများကို သက်ဆိုင်ရာဆရာဝန်မှ ဆီးချိုရှိမရှိသွေးဖောက်စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ အရပ်တိုင်းခြင်းနှင့်အခြားလိုအပ်သောကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများနှင့်ဆေးဝါးများပေးအပ်ခြင်းတို့ကိုပြုလုပ်ပေးခဲ့သည်။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) မှ အထည်ချုပ်သင်တန်းသား အယောက် (၄၀) ကိုကျန်းမာရေးဆိုင်ရာစမ်းသပ်ခြင်းများပြုလုပ်ပေးခဲ့သည်။ယခုလိုကျန်းမာရေးစစ်ဆေးပေးခြင်းသည်ကျန်းမာပြီးအာဟာရပြည့်ဝသောအထည်ချုပ်လုပ်သားတစ်ယောက်အဖြစ်လုပ်ငန်းခွင်ဝင်ရန်အဆင်သင့်ဖြစ်နေစေရန် MGMA မှ စီစဉ်ပေးသည့်အစီအစဉ်တစ်ခုဖြစ်သည်။



MD of MGMA Daw Aye Mi Shein giving opening remarks



Weight Measurement



Prescribing by medical team



Height Measurement

# Voluntary Labor Compliance Assessment စစ်ဆေးခြင်း




Hang Kei Myanmar Garments Co.,Ltd

**Voluntary Labor Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် အသင်းဝင်စက်ရုံ ၃ ရုံကို သွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။**


VLCA

VLCA

VLCA



Oumi Fashion Myanmar Co.,Ltd



Amava Apparel Ltd

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ Voluntary Labor Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဇွန်လ တွင် အသင်းဝင်စက်ရုံ ၃ ရုံကို သွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၃ ရုံမှာ ရွှေလင်ဗန်းစက်မှုဇုန်ရှိ Hang Kei Myanmar Garments Co.,Ltd , လှိုင်သာယာစက်မှုဇုန် (၁) ရှိ Oumi Fashion Myanmar Co.,Ltd နှင့် Pathein Industrial Park ရှိ Amava Apparel Ltd တို့ဖြစ်သည်။ စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံးနှင့်ကို က်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင် အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်းအစီအစဉ် တစ်ခု ဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



Hang Kei Myanmar Garments Co.,Ltd



Oumi Fashion Myanmar Co.,Ltd



Amava Apparel Ltd

# UPCOMING ACTIVITY

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Labour Law Awareness In-Factory Training , supported by UNICEF Myanmar | TBC | In-Factory |
| 2. | 4th New Members' Orientation | July 18 | MGHRDC |
| 3. | Environmental Management Plan Workshop , Supported by LIFT Myanmar | July 21- 22 | MGHRDC |

# MEMBERSHIP UPDATE

New Members in June 2022

| Country | No. of New Member Factories |
|---|---|
| Hong Kong | 1 |
| JV | 1 |
| Total | 2 |

Membership Update as of June 2022

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 66 |
| | China | 283 |
| | Korea | 57 |
| | Japan | 17 |
| | Others | 21 |
| | Joint Venture | 27 |
| | Local, Sub-Con, Marketing, Inspection ,Textile | 45 |
| Total (Active) | | 516 |
| Grand Total | | 768 |